# သာမန်ကာလ(၁၂)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်မာတေဦး ၁ဝး၂၆-၃၃

“ကယ်တင်ခြင်း၊ ကယ်တင်ခြင်း” ဆိုတဲ့စကားလုံး ခရစ်ယာန်လောကမှာ ခဏတိုင်း ကြားဖူးနေကြပါပဲ။ ဘယ်ကနေ ကယ်တာလဲ။ ယနေ့ ဒုတိယကျမ်းစာ ရောမသြဝါဒစာ ၅ မှာ “လူတစ်ယောက်ဆိုတဲ့ အာဒံရဲ့ အပြစ်ကျူးလွန်ခြင်းကြောင့် လူအားလုံး သေခြင်းနဲ့ ကြုံရသလို လူတစ်ယောက်ဆိုတဲ့ ယေဇူးခရစ်တော်ကြောင့် လူတွေအားလုံး ထာဝရအသက်ရနိုင်တဲ့ ဘုရားရဲ့ကျေးဇူးတော်ကို ဆတက်ထမ်းပိုး အလျှံအပယ် ရရှိစေတယ်” တဲ့။ ဒါဟာ ကယ်တင်ခြင်းပဲ။ ဒါဟာ သတင်းကောင်းပဲ။ အပြစ်ကြောင့် ပျက်စီးနေတဲ့လူတွေ အခုတော့ ယေဇူးခရစ်တော်ကြောင့် ထာဝရအသက် ရနိုင်သွားပြီ။ အဲလို ကယ်တင်ခံရနိုင်ဖို့ လူ့ဘက်ကလည်း ကိုယ့်ကိုယ်ကို အပြစ်ရှိတယ်ဆိုတာတော့ သိထားရမယ်။

အခုခေတ်လောကမှာ လူက ကိုယ့်ကိုယ်ကို အပြစ်ရှိမှန်းကို မသိကြတော့ဘူး။ အပြစ်ရှိတယ်လို့ မခံစားကြတော့ဘူး။ ကိုယ့်ဖါသာကို နေသာသလို နေနေကြတာပါပဲ။ ကိုယ့်ကိုယ်ကိုတော့ မပြည့်စုံပါဘူးဆိုတာကိုတော့ သူတို့ သိမှတ်ကြပါတယ်။ ဒါကလည်း “လူပဲလေ . . . အားနည်းမှာပေ့ါ၊ အသွေးနဲ့ အသားနဲ့။ ငါက အားနည်းချက်သာ ရှိပေမဲ့ ငါ အပြစ်မရှိဘူး။ ငါ ဘာလုပ်နေလို့တုံး ၊ ပြောချင်တာက လူဟာ ကိုယ့်ကိုယ်ကို မပြည့်စုံဘူး၊ အားနည်းချက်တွေ ရှိတယ်။ ဒါပေမဲ့ ငါ့မှာ အပြစ်မရှိဘူးပဲ သူက ခံယူထားတာပဲ။ “ငါ ဘယ်သူ့ကို ဘာလုပ်နေလို့လဲ” ဆိုလေ့ ရှိကြတယ်။

ယခုခေတ်သစ် စိတ်ပညာရှင်တွေက ပြောတယ် “အပြစ်ရှိတယ်၊ အပြစ်ရှိတယ်လို့ မပြောကြနဲ့ တဲ့။ ငါ့မှာ အပြစ်ရှိပါလားဆိုတဲ့စိတ်က . . တဲ့ လူကို မတိုးတက်စေဘူး တဲ့။ ကိုယ့်ကိုယ်ကို ဆွဲချနေသလိုပဲ၊ ကိုယ့်ကိုယ်ကို မကောင်းမြင်နေရင်တော့ စိတ်အားငယ်ပြီး မတိုးတက်တော့ဘူး” တဲ့လေ။ လူတွေကလည်း အပြစ်အကြောင်း မကြားချင်ကြဘူး၊ သူတို့ကို မှားတယ်လို့ ပြောတာ၊ မကောင်းဘူးလို့ ပြောတာ မခံချင်ကြပါဘူး။ ကောင်းတယ်လို့ ထောက်ခံအားပေးတာပဲ ကြားချင်ကြတယ်လေ။

ယနေ့ဖတ်သွားတဲ့ ပထမကျမ်းစာ ယေရမိယ ၂ဝ မှာ နတ်ဘုရားတွေ နောက်ကို လိုက်ကြပြီး ကိုးကွယ်ကြရင် သင်တို့ နောင်မှာ ဒုက္ခလှလှကြီး တွေ့ရလိမ့်မယ်လို့ ဘာသာရေးခေါင်းဆောင်တွေကို သတိပေးတယ်။ ဒါကို ဘာသာရေးခေါင်းဆောင်တွေက မကြားချင်ကြဘူး။ ဒါကြောင့် ဘာသာရေးခေါင်းဆောင်တွေက သူတို့အပြစ်ကို သူတို့ ရှင်းပစ်ရမည့်အစား မင်္ဂလာမရှိတဲ့စကားတွေနဲ့သူတို့ကို သတိပေးဆုံးမတဲ့ ယေရမိယကို ရှင်းပစ်ကြတယ်။ ထောင်ချပစ်တယ်။ ယေရမိယ ပြောတာ မှန်သလား/မမှန်ဘူးလား၊ ကောင်းသလား/မကောင်းဘူးလား ထည့်မစဉ်းစားကြဘူး။ စိတ်နှိမ့်ချစွာနဲ့ မနာခံချင်ကြဘူး၊ မဆုတောင်းချင်ကြဘူး။ အတိုချုပ် ပြောရရင် သူတို့ဟာ ဘုရားကို ချစ်ကြောက်ရိုသေတဲ့စိတ် မရှိကြဘူး။ ဘုရားကို ဘေးချိတ်ထားကြတာပဲ။

ဘုရားကို ကြောက်ရွံ့ရိုသေတယ်လို့ ခေါ်ကြပေမဲ့ ဘုရားကို ကြောက်တယ်ဆိုရာမှာ

ပြစ်မှုကျူးလွန်သူက ပုလိပ်ကို ကြောက်သလိုမျိုး ကြောက်ခိုင်းတာ မဟုတ်ပါဘူး။ ဘုရားကို အလေးထားဖို့၊ ဦးထိပ်ပန်ထားဖို့ ပြောတာပါ။ ဘုရားပါမှ ကိုယ့်ဘဝက ရည်ရွယ်ချက်ရှိမယ်၊ အဓိပ္ပါယ်ရှိမယ်ဆိုတာတွေ သိလို့ ဘုရားကို ကိုယ့်ဘဝမှာ အရေးကြီးဆုံးလို့ ခံယူထားတာကို ဆိုလိုတာပါ။ ဘုရားကို ကြောက်ရမယ်လို့ ပြောတာမဟုတ်ဘူး။ ဘုရားက ကြောက်စရာမဟုတ်ဘူး၊ ချစ်စရာပါ။

ဘာ့လိုလဲဆိုတော့ ဘုရားကို ကြောက်ရွံ့ရိုသေမှု မရှိတော့တဲ့လူက သူ့ဘဝသူ ကြိုက်သလို လျှောက်လှမ်းတော့မယ်။ အရာရာကို သူ့သဘောအတိုင်း လုပ်တော့မယ်။ ဒါကြောင့် သူတပါးတွေကိုလည်း ဘာ့ကြောင့် ချစ်နေအုံးမှာလဲ အရည်မရအဖတ်မရ။ သူ့ဘဝမှာ ဘုရားကို လမ်းပြရာ၊ အားကိုးရာလို့မှ သဘောမထားတော့တာပဲ။ သူ့ဘဝမှာ ဘုရားပျောက်နေမှတော့ မှားတယ်မှန်တယ်ဆိုတာလည်း မရှိတော့ပါဘူး၊ မသိတော့ပါဘူး။ ကိုယ်မှန်ရင် မှန်တာပဲ လို့ သဘောထားတယ်။ ဒါကြောင့် အဲ့လိုလူက ကိုယ့်ကိုယ်ကို ကယ်တင်ခြင်းလိုအပ်တယ်လို့လည်း မခံစားမိပါဘူး။

ဒါကြောင့် ယနေ့ခေတ်ကြီးမှာ လူတိုင်း ဘုရားကို ထည့်တွက်ကြဖို့ ၊ ဘုရားကို ကြောက်ရွံ့ရိုသေကြဖို့၊ ဘုရားရဲ့တရားတော်ကို အရေးတယူရှိကြဖို့ ကျနော်တို့ များများ ဟောပြောပေးကြရပါမယ်။

ဒါကြောင့် ယေရှုဘုရားရှင်က “ကိုယ်ခန္ဓာကိုသာ သတ်၍ ဝိညာဉ်ကို မသတ်နိုင်သောသူကို မကြောက်ကြနှင့်၊ ဝိညာဉ်နှင့် ကိုယ်ခန္ဓာကိုပါ ငရဲ၌ ဖျက်ဆီးနိုင်သောသူကိုသာ ကြောက်ကြလော့။ ” လူဆိုးတွေ၊ မကောင်းတဲ့သူတွေက ကျနော်တို့ကို အလွန်ဆုံး ချေဖျက်နိုင်ရင် ကျနော်တို့ရဲ့ ကိုယ်ခန္ဓာကိုပဲ သူတို့ ထိပါးနိုင်ကြမယ်လေ။ ကျနော်တို့ကို ထောင်ချနိုင်မယ်၊ ညှင်းပမ်းနှိပ်စက်နိုင်မယ်၊ နောက်ဆုံး အသေသတ်နိုင်မယ်၊ ဒါပဲ သူတို့က ကျနော်တို့ရဲ့ ကိုယ်ခန္ဓာကိုပဲ သတ်နိုင်တာပါ၊ ကြောက်စရာမလိုပါဘူး။ ကျနော်တို့ ဝိညာဉ်ကတော့ သေချာပေါက် ထာဝအသက်ကို ရမှာပါ။ အဲဒီအခါ လောကမှာတုံးကလို ညှင်းပမ်းနှိပ်စက်ထားတဲ့ ကိုယ်ခန္ဓာနဲ့မဟုတ်တော့ဘဲ ရှင်ပြန်ထမြောက်တဲ့ကိုယ်ခန္ဓာ၊ လောကမှာတုံးကလို အသတ်ခံထားရတဲ့ကိုယ်ခန္ဓာမဟုတ်တော့ပဲ အိုခြင်းနာခြင်းသေခြင်း မရှိနိုင်တော့တဲ့ကိုယ်ခန္ဓာနဲ့ ထာဝရ အသက်ရှင်ကြရပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။